**နိုင်ငံခြားရင်းနှီးမြှုပ်နှံသူများနှင့် ပြည်တွင်းလုပ်ငန်းရှင်များအကြားဆက်သွယ်မှု မြှင့်တင်ရန်**
**မန္တလေး စီးပွားရေးဖိုရမ် နှင့် ပြပွဲကျင်းပ**

မန္တလေး၊ နိုဝင်ဘာလ ၉၊ ၂၀၁၈

၂၀၁၈ မန္တလေးစီးပွားရေးဖိုရမ် (Mandalay Business Forum 2018) ကို မန္တလေးတိုင်းဒေသကြီး၊ မန္တလေးကွန်ဗင်းရှင်းဗဟိုဌာန၌ ကျင်းပခဲ့သည်။ ယင်းဖိုရမ်ကြီး ဖြစ်မြောက်ရေးအတွက် မန္တလေးတိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီ၊ မြန်မာနိုင်ငံ ရင်းနှီး မြှုပ်နှံမှုကော်မရှင်၊ ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှု ဦးစီးဌာန၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန နှင့် New Starlight Group of Companies တို့ ပူးပေါင်း စီစဉ်ခဲ့သည်။ မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှု အခွင့်အလမ်းများကို မြှင့်တင်ပေးရန်၊ ပိုမို ကောင်းမွန်သော ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှု ပတ်ဝန်းကျင်တစ်ရပ် ဖြစ်လာစေရန် နှင့် ပြည်တွင်းစီးပွားရေးလုပ်ငန်းရှင်များကို အလားအလာ ရှိသော နိုင်ငံခြား ရင်းနှီးမြှုပ်နှံသူများနှင့် ချိတ်ဆက်ပေးရန် ကျင်းပခဲ့ခြင်းဖြစ်သည်။

မန္တလေးကွန်ဗင်းရှင်းဗဟိုဌာနတွင် ကျင်းပခဲ့သော မန္တလေးစီးပွားရေးဖိုရမ်သို့ မြန်မာ နိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင် ဥက္ကဋ္ဌ၊ ပြည်ထောင်စုအစိုးရအဖွဲ့ဝန်ကြီးဌာန ပြည်ထောင်စု ဝန်ကြီး ဦးသောင်းထွန်း၊ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာဇော်မြင့်မောင်၊ မွန်ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာအေးဇံ၊ စစ်ကိုင်းတိုင်းဝန်ကြီးချုပ် ဒေါက်တာမြင့်နိုင်၊ စီးပွားရေးနှင့် ကူးသန်းရောင်းတယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်ထူး၊ မန္တလေး တိုင်းဒေသကြီး အစိုးရ အဖွဲ့မှ ဝန်ကြီးများ၊ တိုင်းဒေသကြီးနှင့်ပြည်နယ် အစိုးရအဖွဲ့များမှ စီမံကိန်းနှင့်ဘဏ္ဍာရေး ဝန်ကြီးများ၊ ဌာနဆိုင်ရာအရာရှိများ၊ နိုင်ငံခြားသံရုံးများ သံအမတ်ကြီးများ၊ နိုင်ငံတကာအဖွဲ့ အစည်းများမှ တာဝန်ရှိသူများ၊ နိုင်ငံခြား ရင်းနှီး မြှုပ်နှံသူများ၊ စီးပွားရေးလုပ်ငန်းဆိုင်ရာ အသင်းအဖွဲ့များနှင့် မန္တလေးမှ စီးပွားရေး လုပ်ငန်းရှင်များတက်ရောက်ခဲ့ပါသည်။

မန္တလေးမြို့သည် မြန်မာနိုင်ငံ၏ ဒုတိယအကြီးဆုံး မြို့ဖြစ်ပြီးမြန်မာနိုင်ငံအထက်ပိုင်း နှင့် မြန်မာနိုင်ငံအလယ်ပိုင်းတို့၏ စီးပွားရေးအချက်အချာဒေသဖြစ်သည့်အပြင် အိမ်နီးချင်း နိုင်ငံ များနှင့် နယ်စပ် ကုန်သွယ်ရေးလုပ်ဆောင်ရန် အလားအလာကောင်းများစွာရှိနေသည်။

အလား အလာ ရှိသော စီးပွားရေးလုပ်ငန်းရှင်များအတွက် အခွင့်အလမ်းများ မြောက်များစွာ တည်ရှိ နေသော မန္တလေးတိုင်း ဒေသကြီးသို့ နိုင်ငံခြားနှင့် ပြည်တွင်းစီးပွားရေးလုပ်ငန်းများ ထပ်မံဝင် ရောက်လာရန် ကုန်သွယ်မှု နှင့် ရင်းနှီးမြှုပ်နှံမှု ပတ်ဝန်းကျင်နှင့် စီးပွားရေး ဖွံ့ဖြိုးစေမည့် အချက်အလက်များကို ဘက်စုံမြှင့်တင်ဆောင်ရွက်သွားမည် ဖြစ်ပါသည်။

၂၀၁၈ မန္တလေးစီးပွားရေးဖိုရမ်သို့ အင်အား ၉၀၀ ကျော် တက်ရောက်ခဲ့ပြီးအစီအစဉ် လေးမျိုးဖြင့် ကျင်းပခဲ့ရာ နိုဝင်ဘာ ၉ ရက်တွင် မန္တလေး ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှု ပြပွဲများ၊ ရင်းနှီးမြှုပ်နှံမှု ဆွေးနွေးပွဲများ၊ Breakout Session နှင့် စီးပွားရေးတွေ့ဆုံပွဲများ ကျင်းပခဲ့သည်။ နိုဝင်ဘာလ ၁၀ ရက်နေ့တွင် လေ့လာရေးခရီးစဉ် ပါရှိသည်။ မန္တလေး ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှု ပြခန်းများ ကျင်းပရခြင်းမှာ မန္တလေးတိုင်း၏ ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှု ဝန်းကျင်များ၊ အခြေခံအဆောက်အအုံများနှင့် အခွင့်အလမ်းများကို ဖော်ထုတ် ပြသရန်ဖြစ်သည်။ ကဏ္ဍပေါင်းစုံဖြစ်သော စက်မှု၊ စိုက်ပျိုးရေးမှ အစပြု၍ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းများ အထိပါဝင်သော ပြခန်း (၂၂၅)ခန်းပါဝင် ပြသခဲ့သည်။ ရင်းနှီး မြှုပ်နှံမှု ဆွေးနွေးပွဲတွင်တင်ပြချက်မှု (၇) ခုကို ပြုလုပ်ဆွေးနွေးခဲ့ပြီး ၏ရင်းနှီးမြှုပ်နှံမှု စကားဝိုင်း ကိုလည်း ပြုလုပ်ခဲ့ သည်။

နေ့လည်ပိုင်းတွင် Breakout Session နှင့် စီးပွားရေးလုပ်ငန်းရှင်များအကြား ချိန်ဆက် ဆောင်ရွက်မှုစီအစဉ်တို့ကို တစ်ပြိုင်နက်တည်းကျင်းပပြုလုပ်ခဲ့ရာ Breakout Session တွင် မြန်မာနိုင်ငံကုမ္ပဏီများဥပဒေ၊ ကုန်သွယ်ရေးမူဝါဒများ၊ မြန်မာနိုင်ငံ၏ အခွန်ဆိုင်ရာ ကိစ္စရပ် များနှင့် ကောက်ခွန်ဆိုင်ရာကိစ္စရပ် များတို့ကို ဆွေးနွေးကြပြီး အလားအလာရှိသော နိုင်ငံခြား ရင်းနှီးမြှုပ်နှံသူများနှင့် ပြည်တွင်းစီးပွားရေးလုပ်ငန်းရှင်များအကြားဆက်သွယ်မှု မြှင့်တင်ရန် ပြုလုပ်သော စီးပွားရေး တွေ့ဆုံပွဲတွင် ပြည်တွင်းပြည်ပမှ လုပ်ငန်းရှင်များ ၁၂၀ ခန့်ဦး အသီးသီး ပါဝင်ဆွေးနွေးခဲ့သည်။ မန္တလေးတိုင်း၏ ဖွံ့ဖြိုးတိုးတက်လျက် ရှိသော စီးပွားရေးအခြေခံ အဆောက် အအုံများကို လေ့လာရန်အတွက် နိုဝင်ဘာလ ၁၀ ရက်နေ့တွင် ပြုလုပ်မည့် လေ့လာရေးခရီးကို စီစဉ်ထားရှိပြီး နိုင်ငံခြားရင်းနှီးမြှုပ်နှံသူများနှင့် နိုင်ငံတကာအဖွဲ့အစည်းများစီမှ အင်အား ၂၀၀ ကျော်က လိုက်ပါ လေ့လာကြမည် ဖြစ်သည်။